# ဩဝါဒနှင့် အနုသာသနီ ထူးခြားမှု

ပထမ-ဆုံးမခြင်းသည် ဩဝါဒ
ထပ်၍ ဆုံးမခြင်းသည် အနုသာသနီ

တစ်ကြိမ် ဆုံးမခြင်းသည် ဩဝါဒ
ခဏခဏ ဆုံးမခြင်းသည် အနုသာသနီ

အကြောင်းဖြစ်ပေါ်လာ၍ အပြစ်ပြု ဆုံးမခြင်းသည် ဩဝါဒ
အကြောင်းမဖြစ်ပေါ်မီ 'ဒီအမှုမျိုးကို ပြုလုပ်ပြောဆိုလျှင် နာမည်ပျက်လိမ့်မယ်' စသည်ဖြင့် ဖြစ်လာမည့်အရေးကို ပြ၍ ဆုံးမခြင်းသည် အနုသာသနီ

မျက်မှောက်မှာဆုံးမခြင်းသည် ဩဝါဒ
မျက်ကွယ်မှာ ကိုယ်စားလှယ်လွှတ်၍ဖြစ်စေ စာရေး၍ဖြစ်စေ ဆုံးမခြင်းသည် အနုသာသနီ ( ခန္ဓ၊ သံ ၊ ဋ္ဌ၊ ၂၃၀။ ဓမ္မ၊ ဋ္ဌ ၊ ပ ၊ ၃၄၉)

**အဆုံးအမစကား**

ဩဝဒေယျာ အနုသာသေယျာ အသဗ္ဘာ စ နိဝါရယေ၊ သတံ ဟိ သော ပိယော ဟောတိ အသတံ ဟောတိ အပ္ပိယော။

(ဓမ္မပဒ ၊ ဋ္ဌ ၊ ပ၊ ၃၉)

ဆုံးမသူကို သွန်သင်သူကို အသိဉာဏ်မဲ့သူတို့သည် မချစ်ခင် မမြတ်နိုးကြ။
အသိဉာဏ်ရှိသူတို့သည်သာ ချစ်ခင် မြတ်နိုးကြ၏။